


ဤစာအုပ်သည် စာရေးဆရာမ karen connelly ၏ မူရင်းစာအုပ်တအုပ်ဖြစ်ပြီး စာဖတ်သူများ အား အလွန်အမင်း ဖတ်စေချင်သော ဆန္ဒကြောင့် ကြိုးစား တင်ပြလိုက်ပါသည်၊ ဤစာအုပ်အား ဖတ်စေခြင်းဖြင့် မြန် မာနိုင်ငံအတွင်း အုပ်ချုပ်မင်းမူနေသော စစ်အစိုးရ၏ လက် ထက်တွင် မြန်မာနိုင်ငံသားတို့ မည်ရွေ့ မည်မျှထိလူ့အခွင့် အရေး ဆုံးရှုံးနေပြီး မြန်မာနိုင်ငံတွင်းရှိ အကျဉ်းထောင် များအတွင်း မည်ကဲ့သို့ ဖိစီးနှိပ်စက်၊ မည်ကဲ့သို့ ဆင်းရဲဒုက္ခ ခံရ၍ စစ်အစိုးရ၏ လူမဆန်မှုများကို ကွက်ကွက်ကွင်းကွင်း သိမြင်ရမည် ဖြစ်ပါသည်၊ အခန်းဆက်အဖြစ် ဖော်ပြသွားပါမည်။

**အလင်းအိမ်မဂ္ဂဇင်း**

ဘာသာပြန်ဆိုသူ **Roland Hardy(ခ)မောင်မောင်လတ်**

## ယခင်လမှအဆက် **အိမ်မြှောင်လှောင်အိမ်**

## အခန်း ( ၂၂)

"ဆရာ ဘာလို့ ကျနော်ကိုမေးတာလဲ "
စိန်ယုံ ဟာ သူ့ ရင်ဘတ်ကိုသူ လက်ညှိုးထိုးရင်းကြောက်ကြောက်လန့်လန့်နဲ့ ပြန်မေးလိုက်တယ်။

"ကျနော်ဆရာခိုင်းထားတဲ့ကိစ္စ သေသေချာချာ လုပ်ခဲ့ပါတယ် ဆရာ။နိုင်ငံရေး အဆောင်(၃၁) ကလူတွေကိုလုပ်သလို သေချာလုပ်ခဲ့ပါတယ်"
ကွမ်းဝါးထားတဲ့ ပါးစပ်ဟာနီရဲနေတယ်။

**ကိုလူချော။** ။ "ကံ ဘယ်လိုလွဲသွားတာလည်း ငါစဉ်းစားလို့ ကိုမရဘူး"
ထောင်မှူးလူချောဟာ စိန်ယုံရဲ့ အင်္ကျီကိုကြမ်းတမ်းစွာ ဆွဲညစ်ထားရင်း နံရံနဲ့ ကပ်ထားပြီး စိန်ယုံခေါင်းကို နံရံနဲ့သူရဲ့လက်ကြားထဲ ညှပ်ဖိထားတယ်။ ဒေါသလည်းသိပ်ထွက်နေတယ်။

ကိုစိန်ယုံ။ ။ "ဆရာ ကျနော်အရင်ပြောထားပြီးတဲ့ အတိုင်းပါဘဲ။ တေဇလက်ထဲကို ကျနော် သေသေချာချာ ဘောလ်ပင်နဲ့ စာရေးစာရွက်ထဲ့ ခဲ့ပါတယ်။ တေဇကလည်း သူစာရေး ပြီးလို့ ကျနော်ကို လာယူခိုင်းခဲ့ပါတယ်။

"သူတကယ်ရေးပြီးပြီလို့ မင်းကို တကယ်ပြောသလား။"

ထောင်မှူးလေး ဒေါသနဲ့ အံကြိတ်ပြီး တိုးတိုးမေးလိုက်တယ်။

“ကောင်းပြီ ဒီလိုဆို မင်းသူရေးထားတဲ့ စာကိုတွေ့ပြီးပြီပေါ့”

လက္ခဏာဆရာ စိန်ယုံ ပြန်ပြီးစဉ်းစားနေတယ်။ စိတ်ထဲမှာလည်း နည်းနည်းဇဝေဇဝါ ဖြစ်သွားတယ်။

“ကျနော် သေသေချာချာမမှတ်မိတော့ဘူး။ ကျနော် တေဇရေးတဲ့စာကို တွေ့လိုက်သလား လို့သိပ်တော့ မမှတ်မိတော့ဘူး”

**ကိုလူချော။** ။ “သောက်ရူး… မှတ်ထားကွ။ မင်း မှတ်မိတာတို့ မမှတ်မိတာတို့ အရေးမကြီးဘူး။ ငါသိချင်တာက မင်းပေးလိုက်တဲ့ စာရေးစက္ကူနဲ့ ဘောလ်ပင် ဘယ်ရောက် သွားပြီလဲ ဆိုတာပဲ။ မင်း မတွေ့ တွေ့အောင်ရှာ။ မင်း သူရေးထားတာကို တွေ့ခဲ့သလား… မတွေ့ခဲ့ဘူးလား ဆိုတာသေချာစဉ်းစားကြည့်စမ်း”

**ကိုစိန်ယုံ။** ။“ဆရာ ကြိမ်းသေတာက တေဇ စာရေးပြီးကြောင်း ကျနော်ကို ပြောတာ ရယ် စာလာယူဖို့ ပြောခဲ့တာဟာ သေချာပါတယ်။ တေဇ သူငယ်ချင်း မျိုးမျိုးသန်းတို့ အကြောင်းပြောကြတုန်းအချိန်မှာ တေဇ စာရေပြီးပြောတာ သေချာတယ် ဆရာ။ ကျနော်ချက်ချင်း မယူသွားတော့ သူတော်တော်လန့်နေတယ်”

ကိုလူချောလည်း စိန်ယုံကို ဖမ်းဆီးထားတာက လွှတ်လိုက်တယ်။ စိန်ယုံလည်း နံရံနဲ့ကပ်လျှက်သား ကျန်ရစ်တယ်။ ထောင်မှူး ကိုလူချော စဉ်းစားနေမိတယ်။ ဘယ်ရောက် သွားသလဲ။ငါလည်း တေဇအခန်းကို သေသေချာချာ(တလာစီ) ရှာဖွေပြီးပြီ။ တေဇပြောတော့ သူ့ဆီမှာတားမြစ်ထားတဲ့ ပစ္စည်း ဘာမှမရှိဘူး ဆိုတာဘဲ။ ဒီလိုဆိုတေဇ အစကတည်းက အဲဒီစာရွက်နဲ့ဘောလ်ပင် မရခဲ့တာအမှန်ပဲလား။ သူငါ့ကိုသေသေချာချာ လိမ်တာဖြစ်နိုင်တယ်။ ငါတို့မရှာခင် ဘယ်သူများ တေဇနဲ့ တွေ့သေးသလဲ မသိဘူး။ မရှိဘူး။ ငါတို့ လာမရှာခင် အထိဝါဒါအစောင့်က ငါတို့ကို စောင့်နေတာပဲ။ ကိုချစ်နိုင်များ ဝါဒါကို သိမ်းသွင်းလိုက်ပြီလားမသိဘူး။မဖြစ်နိုင်ဘူး ။ ဝါဒါ တွေဟာ ငါတို့ကို သစ္စာဘယ်တော့မှ မဖေါက်ရဲဘူး။ ထောင်မှူးဟာ စိန်ယုံကိုမကျေမချမ်း ကြည့်နေတယ်။ ကိုစိန်ယုံ စိတ်ပူလာတယ်။

**ကိုစိန်ယုံ။** ။ “ဆရာရယ်… ကျနော် ဆရာအပေါ် အမြဲသစ္စာရှိပါတယ်။ အကြိမ်ပေါင်း များစွာ ဆရာညွှန်ကြားတဲ့အတိုင်း ကျနော်လုပ်ပေးခဲ့ပါတယ်ဆရာ” စိန်ယုံရဲ့ လည်မြိုကို လက်နဲ့ ညှစ်ထားရင်းပြောလိုက်တယ်။

**ကိုလူချော။** ။ “မင်းကြောင့် ငါအခု တေဇနဲ့ မပတ်သက်ရတော့ဘူး။ ထောင်ပိုင်ကြီးကငါ့ကို တေဇနဲ့ မပတ်သက်ရတော့ဘူးလို့ အမိန့်ချလိုက်တယ်။ အခုဆိုရင် ငါ အဆောင် ပြောင်းရပြီ။ ထောင်ပိုင်ကြီးပြောတာလည်းမှန်တယ်။ ငါဘယ်လိုလုပ်ပြီး ဒီထောင်ထဲမှာရှိတဲ့ အကျဉ်းသား တစ်ထောင်ကျော်ကျော်ကို ရှာဖွေနိုင်မှာလဲ။ တေဇဆီမှာ ပစ္စည်းမမိတော့ တေဇကိုတရားရုံးပို့လို့ မရတော့ဘူး။ အထောက်အထားမရှိပဲ ဘာမှ လုပ်လို့ မရတော့ဘူး”

စိတ်ပျက်စွာနဲ့ ခေါင်းပေါ်က ဆံပင်တွေကို ကုတ်နေမိတယ်။ ဆေးပေါ့လိပ်

တစ်လိပ်ထုတ်ပြီးတော့ သောက်လိုက်တယ်။ ထောင်မှူးလေး လူရော စိတ်ခါတ်ပါ ကျသွားတယ်။

စိန်ယုံက ထောင်မှူးလေးကို ဆေးပေါ့လိပ် အကောင်းစားတစ်လိပ် ပေးလိုက်တယ်။ ဘယ်လောက်ပဲ ဖားဖား စိန်ယုံ ကံမကောင်းနိုင်တော့ဘူး။ ထောင်မှူး လူချော က စိန်ယုံကို စိုက်ကြည့်နေရင်း " ထောင်ပိုင်ကြီးက မင်းကို ထောင်ကျနှစ် လက်ကျန် (၂)နှစ်ကို (၈)လအထိ လျှော့ရက်ပေးမယ် ဆိုတဲ့စကား အခုတော့ ပြန်ရုတ်သိမ်းသွားတာသိလား။ ငါလည်း မတတ်နိုင်တော့ဘူး"

ကိုစိန်ယုံ တုန်လှုပ်သွားပြီး သိပ်ဝမ်းနည်းကြေကွဲသွားတယ်။ ဒီလောက်လုပ်ပေးတာ တောင် အဆင်မပြေတော့ ငါ့ကိုပဲထောင်းကြတယ်။ စိန်ယုံဟာ သူ့ကျန်းမာရေးအတွက်သိပ် စိတ်ပူလာတယ်။ ၆ လလောက် ၈ လလောက်ပဲ ထောင်ထဲမှာနေရင် ထောင်ဆရာဝန်ပေးတဲ့ ဆေးနဲ့ ကျားကန်ထားလို့ရတယ်။ အဲဒီဆေးဟာ စိန်ယုံအတွက် အမှန် အသားဝါရောဂါ ပျောက် ဆေး ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ အပြင်ထွက်ရင် ရန်ကုန်က ဆေးရုံ ကောင်း ကောင်းမှာ နေလိုက်မယ်။ အခုတော့ နောက်ထပ် (၂)နှစ်ဆိုတော့ ဒီထောင်ထဲမှာပိန်ချုံးပြီး ရောဂါနဲ့ သေတော့မှာပဲ။ တစ်လမ်းပဲရှိတော့တယ်။

ဘောလ်ပင် ဘယ်ကို ရောက်သွားသလဲ ဆိုတာကို ရအောင်ရှာဖို့ပဲ ရှိတော့တယ်။ စာရေးထားတဲ့စာကို ရှာလို့ မတွေ့နိုင်တော့ ပေမယ့် ဘောလ်ပင်တော့ ရအောင်ကိုရှာမှဖြစ်မယ်။ တွေ့အောင်ရှာရမယ်။ ဒီအနီးအနား တဝိုက်မှာပဲ ရှိနိုင်သေးတယ်။ အစားထိုးမရအောင် ဘာလိပ်ခါးနဲ့ အရာ(၃)ချက် လှီးထားတယ်။

ထောင်မှူးလေးက...

"မင်းဟာက ကောက်ရိုးပုံထဲမှာ အပ်တစ်ချောင်းရှာနေတာပဲ"

"လက္ခဏာ ဆရာလုပ်နိုင်တာတွေ ဆရာ မသိတာရှိပါတယ်။ အရင်တုန်ကလဲ ကောက်ရိုးပုံထဲက အပ်ရှာခဲ့တာ တွေ့ခဲ့ဖူးတာပဲ"

ထောင်မှူးလေးက "သောက်ရူး ပါးစပ်ပိတ်ထားစမ်း၊ မင်းသာ အစကတည်းက သေသေချာချာလုပ်ခဲ့ရင် အခုလိုအခြေအနေမျိုးကို ဘယ်တော့မှ ရောက်လာမှာမဟုတ်ဘူး။ ရှာလို့မတွေ့ရင် မင်းဖင်ကို ငါ ပိတ်ကန်မယ်မှတ်ထား။ နောက်မှ ငါတို့ထပ်ပြောကြတာပေါ့။ အခု လောလောဆယ် ဒီနေရာက ငါထွက်သွားချင်ပြီ။ ဗိုက်လဲဆာနေပြီ"

စိန်ယုံ ကို ကြည့်လိုက်ရင်း..."မင်းလဲ မင်း အဆောင်ကို မင်းပြန်တော့"

စိန်ယုံလဲ ညီးငယ်စွာဖြင့် "ဟုတ်ကဲ့ပါ ဆရာ"လို့ပြောရင်း အမှောင်ထုထဲကို ထိုးဝင်ပျောက် ကွယ်သွားတယ်။ စိန်ယုံကို မယုံလို့ ထောင်မှူးလေး လိုက်ချောင်းတယ်။ စိန်ယုံဟာလုံချည်ကိုမရင် ညှပ်ဖိနပ်သံတဖျတ်ဖျတ်နဲ့ အဆောင်ဘက်ကိုအပြေးအလွှား သွားနေတာ ကိုထောင်မှူးလေးမြင် လိုက်ရတယ်။

# အခန်း (၂၉)

သစ်တောလမ်းကျဉ်းလေးထဲမှာ လမ်းလျှောက်နေတယ်။ တေဇဟာ ပြန်ငယ်သွားတယ်။ (၁၂)နှစ် အရွယ် ကောင်လေးဖြစ်သွားတယ်။ လှေခါးထစ်တွေကို အပြေးအလွှားတက်နေမိတယ်။ တေဇ အောက်ကို ငုံ့ကြည့်နေစဉ် ကိုယ်ခန္ဓာတခုလုံး နာကျင်နေတာခံစားရတယ်။ ညီငယ် အောင်မင်းရဲ့ ခေါ်သံကိုကြားနေရတယ်။ ဒါပေမယ့် အောင်မင်းအသံက အဖိုးကြီးတယောက်အသံလို ဖြစ်နေတယ်။ ဘယ်သူလဲပြန်ကြည့် မိတော့ ဖိုဖိုး ဖြစ်နေတာတွေ့ရတယ်။

တေဇ့ တေဇ့ ဘယ်ကိုသွားနေတာလဲ ? ပြန်မပြောပဲ ခေါင်းထဲက အဖြေ ပြန်ပေးတာကို ဖိုးဖိုး သိမယ်ထင်တယ်။ ကျနော်တို့ အိမ်ကိုပြန်တော့မယ်။ ညောင်ပင်အောက်ကသူတော်စင်ကြီးက ကျနော်တို့ပြန်မယ့်လမ်းကို ညွှန်ကြားပေးနေတယ်။

မင်း အိမ်ပြန်မယ်လဲ ပြောသေးတယ် အခုမင်းသွားနေတဲ့ တောင်ကို ကျော်ရင် နယ်စပ်ကိုပဲရောက်သွားတော့မယ်။ ဟုတ်တယ် တောထဲပဲ ရောက်သွားတော့မယ်။

ဟော့ လူငယ်လေး မင်းက မြို့ပေါ်ကလာတာ အခုဘယ်ကိုသွားနေတာလဲ။ ညောင်ပင်ကြီးကို ရအောင်ပြန်ရှာရတယ်။ ညောင်ပင်အောက်မှာ ဖိုးဖိုးကိုတွေ့ရပေမယ့် ဖိုးဖိုးဟာ လူငယ်လေးတယောက်အရွယ် ဖြစ်နေတယ်။

အောင်မင်း ငါတို့ ဆူးလေဘုရားကို သွားဖူးတုန်းက မင်းမှတ်မိသေးလား? ကောင်လေးက နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်တယ်။ အောင်မင်းနဲ့တေဇဟာ အဖိုးနဲ့ဝေး တဲ့နေရာကိုလျှောက်သွားကြတယ်။

ကောင်လေး မင်းဘာတွေပြောနေတာလဲ ? ဆူးလေဘုရားက ရန်ကုန်မှာလေ အဲဒါကို မှတ်မိသေးရဲ့လား။ မင်းငါပြောတာကြားရဲ့လား ? မင်းကြားရဲ့လား?

ကြားတယ် ။ တေဇဆုံးဖြတ်ချက် ချထားပြီးသား။ ညီလေး အောင်မင်းရဲ့ သေးသွယ်တဲ့လက်ချောင်းလေးတွေဟာ တေဇလက်မောင်းကို ကိုင်ထားတယ်။ သူတို့ ညီအကို နှစ်ယောက် ညောင်ပင်ကြီးကိုကွေ့ပြီး ညောင်ပင်စောင့်နတ်ကြီးနဲ့လည်း တွေ့ကြရတယ်။ သူတို့ညီအကိုနှစ်ယောက် အတူတူ အိမ်ပြန်တော့မယ်။

ထောင်မှူး ကိုချစ်နိုင်ဟာ တေဇ(သို့) တေးဆိုငှက်ဘေးမှာ စောင့်ကြောင့် ထိုင် နေရင်း တေဇကို စိုးရိမ်စွာ ကြည့်နေတယ်။ သတိလုံးဝ မရသေးတဲ့ လူကိုကြည့်နေတယ်။
“ကိုတေဇ ကျနော်ခေါ်နေတာကြားလား?

ကိုချစ်နိုင်ဟာ သွေးတွေပေကျံနေတဲ့ တေဇ ပါးစပ်ကို ကြည့်လိုက်တယ်။

လက်ထဲကသောက်ရေခွက်က အလကားဖြစ်နေတယ်။ ပါးစပ်ကဟောင်ပြီး မေးရိုးတွေက အောက်ကိုပြုတ်ကျနေတယ်။

ဝါဒါကြီးက တေဇကို အဆောင်ပြောင်းတာ လိုက်ကူညီပေးဖို့ စောင့်နေတယ်။ တံခါးဖွင့်ထားတယ်။ ထောင်မှူးလေးချစ်နိုင်နဲ့ တေဇကို ဝါဒါကြီးကကြည့်နေတယ်။ ဝါဒါကြီး စောင့်ကြည့်နေတာကို ထောင်မှူးလေး ချစ်နိုင်သတိရသွားတယ်။ ကိုချစ်နိုင် ဒေါသထွက်နေတဲ့မျက်နှာနဲ့ ဝါဒါဖက် လှည့်ကြည့်လိုက်ရင်း...

"ငါဒီကောင်လေးကို ဘယ်လိုမှ နိုးလို့မရတော့ဘူး။ သွား ဆရာဝန် သွားခေါ်၊ နောက်ပြီး ကောင်လေးနာတာ သက်သာသွားအောင် မော်လ်ဖင်း ထိုးဆေးပါ ယူလာခဲ့၊ သေချာကြားရဲ့လား ? " လှမ်းပြီးကြိမ်းလိုက်တယ်။

ဝါဒါကြီး ဆရာဝန်ခေါ်ဖို့ ထွက်သွားတဲ့ အချိန်မှာ ကိုချစ်နိုင်က တေဇ တိုက်ပိတ်ခန်းလေးထဲမှာ တွေဝေစွာနဲ့ ထရပ်လိုက်တယ်။ တေဇရဲ့ ကြမ်းပြင်ပေါ်မှာ ပြန့်လွင့်နေတဲ့ စားစရာတွေ၊ ငါးခြောက် အပိုင်းအစတွေ၊ သေးတွေ၊ ချီးတွေ ပေနေတဲ့ အင်္ကျီ၊ လုံချည်တွေကိုအတိုင်းသားတွေ့ရပါတယ်။ နည်းနည်းသန့်နေတဲ့ စွပ်ကျယ် တထည်ကို ယူလိုက်ရင်းရေတခေါင်းထဲက ရေကိုစွတ်လိုက်တယ်။ တေဇဘေးမှာ စောင့်ကြောင့်ထိုင်ချလိုက်ရင်း တေဇရဲ့ သွေးအလိမ်းလိမ်းပေနေတဲ့ မျက်နှာကို ရေဝတ်နဲ့ သုတ်ပေးလိုက်တယ်။ တေဇ မျက်နှာ ကိုမကြည့်ရက်တော့လို့ ဖွင့်ထားတဲ့ တံခါးကို အဓိပ္ပါယ်မဲ့စွာ ငေးကြည့် နေမိတယ်။ တေဇ ပါးစောင်ကညစ်ပတ်နေတဲ့ သွေးတွေကို သေသေချာချာ သုတ်ပေး လိုက်တယ်။ တေဇဘယ်ဘက် မျက်လုံးဟာမဲနက်ပြီး အကြီးကြီးယောင်နေတယ်။ ဘယ်ဘက်နားက စုတ်ပြတ်နေပြီး သွေးတွေ ဆက်ပြီးထွက်နေတုန်း ဖြစ်ပါတယ်။ တံခါးကိုကြည့်လိုက်တယ်။ ဆေးမှူးဆရာဝန် ဘယ်လိုကြောင့် နောက်ကျနေတာလဲ။ ဆရာဝန်မလာသေးခင် တေဇရဲ့နားကို သေသေချာချာ ကြည့်လိုက်တယ်။သိပ်လည်းမကိုင်ရဲဘူး။ တေဇနား တခုခုဖြစ်သွားမှာ စိုးရိမ်တယ်။ တေဇပါးစောင် ကိုလည်းကိုင်ချင်ပေမယ့် မလုပ်တတ်၊ မကိုင်တတ်တာမို့ မထိရဲသေးဘူး။ တေဇရဲ့ပြတ်ထားတဲ့ နားရွက်အနာကို အဝတ်နဲ့ ဖုံးထားပေးလိုက်တယ်။ သွေးဟာ စွပ်ကျယ်မှာ အထင်းသားပေါ်လာတယ်။

"တေဇ တေဇ" ဆိုပြီး ပိုပြီး ကျယ်ကျယ်ခေါ်လိုက်တယ်။ တေဇမြန်မြန် ပြန်ထူးစေချင်တယ်။ "ညီလေးတေဇ ကြားရဲ့လား၊ ထတော့ ထတော့ ၊ ညီလေး ထတော့လေ" စိုးရိမ်သံနဲ့လှုပ်နိုးနေမိတယ်။ တေဇနိုးသွားအောင် တေဇရဲ့ အနာပေါ်က သွေးစွန်းနေတဲ့ စွပ်ကျယ်ကိုပိုပြီးတော့ဖိလိုက်တယ်။ တေဇရဲ့ ငြီးသံကြားရပြီး တေဇခြေထောက် နည်းနည်းလပ်လာတယ်။

"တေဇ နိုးစမ်းပါ၊ ထတော့ တေဇ"

တေဇမျက်စိ မဖွင့်နိုင်ပေမယ့် ပါးစပ်က မသဲမကွဲ စကားတွေပြောလာတယ်။

ပါးစောင်ရိုးပြုတ်သွားတော့ စကားပြောဖို့ ဘယ်ဖြစ်နိုင်မလဲ။ တေဇဘာပြောလည်း မသိနိုင်ပါ။"ပြန်မလာဘူး" ဘာပြောနေတာလည်း။ဘာလဲ တေဇပြောချင်တာက "ပြန်မလာဘူး"ဆိုတာဘာအဓိပ္ပါယ်လည်း မသိနိုင်ပါ။

ကိုချစ်နိုင်ဟာ တေဇကို ထွေးပွေ့ထားရင်း...

"ညီလေးပြန်လာခဲ့ပါ။ ထပါတော့ ထပါတော့ကွာ၊ ငါ အကိုကြီးချစ်နိုင်လေကွာ၊ ကြားရတယ်မဟုတ်လား ?

ကိုချစ်နိုင်က "တေဇ မျက်လုံးကို ကြိုးစားပြီး ဖွင့်လိုက်ပါကွာ၊ငါ့ကိုမြင် ရဲ့လား?"

ဘယ်ဘက်မျက်လုံးက အညိုအမဲနဲ့ ပိတ်နေပေမယ့် ညာဘက်မျက်လုံးဟာ ရုတ်တရက်ပွင့်လာတယ်။ ချစ်နိုင် အံ့သြစွာနဲ့ တေဇခေါင်းကို သူ့လက်ပေါ်တင်ထားရင်း ကြမ်းပေါ်မှာချထားလိုက်တယ်။ တေဇရဲ့ မျက်နှာကို ငေးကြည့်လိုက်ရင်း မျက်လုံတလုံး ပေကလပ် ပေကလပ်နဲ့လပ်နေတာတွေ့ရတယ်။ တေဇမျက်နှာမှာ ဘယ်ကိုရောက်နေလဲ ဆိုတဲ့ စိုးရိမ်မှုကို ပြသနေတယ်။

ကိုချစ်နိုင်က " တေဇ ငါ အခုထက်ထိ မင်း အခန်းထဲမှာပဲ ရှိနေသေးတယ်၊ ငါကိုချစ်နိုင်လေ၊ မှတ်မိပြီးလား ?

တေဇ ခေါင်းတွေဘာတွေထိပြီး အတိတ်မေ့သွားမှာလည်း ထောင်မှူးလေး ချစ်နိုင်စိုးရိမ်ပူပန်မိတယ်။ တေဇပါးစောင် ပြုတ်နေလို့ နာကျင်နေတဲ့ကြားက စကားပြော နေတယ်။ မသဲကွဲဘူး။ သူ့ လက်ပေါ်မှာရှိတဲ့ တေဇရဲ့ ခေါင်းကို တဖြည်းဖြည်း ဆွဲမတင်လိုက်တယ်။

ဟော...ဆေးမှူးရောက်လာပြီ၊ ဘာမှမပြောတော့ပဲ ၊ တေဇတင်ပါးကို ထိုးဆေးတလုံးအမြန်ထိုးပေးလိုက်တယ်။ ဒီဆေးဟာ တေဇရဲ့နာကျင်မကို သက်သာစေမှာ အမှန်ပဲ။

"ဆေးမှူးကိုမေးလိုက်တယ်၊ ဒီဆေးဟာ မော်လ်ဖင်းလား?"

ဆေးမှူးက...

"မဟုတ်ဘူး၊ ဒါပေမယ့် ခဏလောက်နေရင် တေဇပြန်အိပ်သွားလိမ့်မယ်" ကိုချစ်နိုင် ခေါင်းထဲကို အတွေးတခု ဝင်လာလို့ ဆေးမှူးကို အလောတကြီးအကျယ်ကြီး မေးလိုက်တယ်။

**"'ဒီဆေးထိုးအပ်က သန့်ရဲ့လား ဟင်၊ တကယ်သန့်တဲ့အပ် ဟုတ်ရဲ့လား ?"**ဆေးမှူးက နည်းနည်းရယ်လိုက်တယ်။

**"ဘာလဲ ဒီနေရာကို ရန်ကုန်ဆေးရုံကြီးများ ထင်နေလို့လား ?ဒီလောက် ဆေးထိုးအပ် ပေါပေါများများ မရှိဘူး ။ အပ်အဟောင်းပေမယ့် ကျနော် ပိုးသတ်ဆေးနဲ့ သေသေချာချာစိမ်ထားတဲ့အပ်ပါ။ စိုးရိမ်စရာ မရှိပါဘူး။"**

ဆေးမှူးက. . .

"ကိုချစ်နိုင် ဒီကောင်လေးကို ဒီလောက်မစိုးရိမ်ပါနဲ့၊ ခင်ဗျားကိုယ် ခင်ဗျား ပြန်ကြည့်လိုက်ပါဦး။ ပါးမှာလည်း သွေးတွေနဲ့။ လက်မှာလည်း သွေးတွေ အများကြီး ပေနေတယ်"ပြောပြောဆိုဆိုနဲ့ ဆေးမှူးဟာ တေဇရဲ့ အနာတွေကို ဆေးကြော ပေးနေတယ်။

"ဒီကောင်လေး ခေါင်းတော့ နည်းနည်းကွဲသွားတယ်။ သွေးတွေအများကြီး ထွက်ပေမယ့် အသက်တော့ မစိုးရိမ်ရတော့ပါဘူး။ နားရွက်ကိုပဲ နည်းနည်း စိုးရိမ်တယ်။ နားထဲကနားစည်တွေဘာတွေ ထိခိုက်သွားပြီလား မသိနိုင်ဘူး"

ဆေးမှူးက တေဇရဲ့ နား နားကို ကပ်လိုက်ရင်း တိုးတိုးလေးပြောလိုက်တယ်။

"ကဲ သူငယ်ချင်းလေး မင်းကံကောင်းနိုင်ပါစေ"

ကိုချစ်နိုင်ကို ပြန်ကြည့်လိုက်ရင်း မေးလိုက်တယ်။

**"ဒါဟာ နံပါတ်တုတ်နဲ့ရိုက်တာပဲ။ ဘယ်သူလုပ်တာလဲ"**

ကိုချစ်နိုင်က. . .

**"ထောင်မှူး လူချောလက်ရာပေါ့ကွာ" လို့ပြောလိုက်တယ်။**

**"ဟုတ်လား... ကျနော်တို့လဲ မကြာခဏ လူချောရဲ့လုပ်ရပ်တွေကို လိုက်လိုက် သန့်ရှင်းရေး လုပ်ပေးရတယ်"**

ဆေးမှူးဟာ တေဇရဲ့ နံရိုး၊ ဝမ်းဗိုက်၊ ခြေထောက်၊ လက်ချောင်း စသည်ဖြင့်တို့ကို

သေသေချာချာ လိုက်ဆန်းစစ်လိုက်တယ်။

"ခြေဆစ်လေးတွေတော့ ပြန်ဆက်စရာမလိုဘူး။သူ့ အလိုလို ပြန်ဆက် သွားပါလိမ့်မယ်၊ကျနော့်အနေနဲ့ ပြောပြနိုင်တာကတော့ တေဇဟာ အတွင်းကြေတဲ့ ဒါဏ်တော့ မရှိပါဘူး"

"တော်သေးတာပေါ့ "

"ထောင်မှူးကိုချစ်နိုင် ခင်ဗျား သွေးတွေပေနေတာ သွားဆေးကြောလိုက်ပါဦး။ ကျနော် ကောင်လေးကိုကြည့်ထားလိုက်ပါမယ်။ တခုတော့ရှိတယ် တေဇဟာ နေမ ကောင်းသလား ဆိုတာသေချာမသိနိုင်ဘူး၊ ဘာလို့လဲဆိုတော့ သူဟာ သိပ်ပိန်နေတယ်။ ခံနိုင်အားသိပ်မရှိဘူး။ သူပိန်တာဟာ အစားမစားလို့ ပိန်တာမျိုးပါ၊ အေအိုင်ဒီအက်စ် ရောဂါ မဟုတ်ပါဘူး"လို့ဆေးမှူးကပြောလိုက်တယ်။

ကိုချစ်နိုင်က "ဆေးမှူး ခင်ဗျား မော်လ်ဖင်း ထိုးဆေးယူလာသလား"

ဆေးမှူးက **"ကျနော်တို့ထောင်ထဲမှာ မော်လ်ဖင်း သုံးတိုင်း ထောင်ပိုင်ကြီးရဲ့ခွင့်ပြုချက် ကို ယူလာပါတယ်။ အခု မယူလာခဲ့ပါဘူး။ ဘာပဲဖြစ်ဖြစ် ထောင်ပိုင်ကြီးရဲ့**

**ခွင့်ပြုချက်ကို ကျနော်ယူခဲ့ပါမယ်"** ဆေးမှူးက ခေါင်းကိုခါလိုက်တယ်။ ကိုချစ်နိုင်ကိုလည်း

"ဒီကောင်လေး ဘာပဲဖြစ်ဖြစ် အိပ်သွားမှာပါ။ စိတ်ချပါ။ မနက်ဖြန် ညနေအထိ မနိုးပါဘူး။ ကောင်ကောင်းနားရတာပေါ့။ မေးရိုးပြုတ်သွားပြီး နာနေပေမယ့် အချိန်တန်ရင် ကောင်လေး သတိရလာမှာပါ။ ဒီလိုရိုက်နှက်ခံရတဲ့ ဒါဏ်ရာနဲ့တော့ မသေနိုင်တော့ပါဘူး ဆိုတာကျနော် အာမခံပါတယ်။ ဒီကောင် အသက်ဆက်ရှင်မှာပါ။ သနားစရာ သိပ်ကောင်းတဲ့ကောင်လေးပဲ။ စိတ်မကောင်းဘူးဗျာ။ ဘာပဲဖြစ်ဖြစ် မနက်ဖန်ကျရင် ဆရာဝန်ကြီး လာကြည့်မှာကျိန်းသေပါတယ်။ ကျနော်လည်း မနက်ဖြန် ကောင်လေးခေါင်းကို ခေါင်းတုံး တုံးပေးပါမယ်။ကောင်လေးဆံပင်တွေဟာ သိပ် ညစ်ပတ်နေတယ်။ ခေါင်းတုံးပဲ ကောင်းတယ်။ ထောင်ကျကာစ အကျဉ်းသားအသစ် ပြန်ဖြစ်သွားတာပေါ့။ ခေါင်းတုံး လေးနဲ့လေ"

ပြောပြောဆိုဆိုနဲ့ ဆေးမှူးက နောက်ပြောင်လိုက်တယ်။

ကိုချစ်နိုင်က တဖြည်းဖြည်းထရပ်လိုက်တယ်။

" ကျနော်အခုပဲသွားပြီး ရေဆေးလိုက်ပါဦးမယ်"

ဆေးမှူးက...

" ပြန်လာရင် ရေနည်းနည်းလောက်ယူခဲ့ပါလား။ ဒီမှာ ပေကျံတာတွေ ကျနော် ဆေးကြော ပေးမယ်"

"ရပါတယ်ဗျာ ကျနော်ပဲဆေးလိုက်ပါ့မယ်။ ဘာပဲဖြစ်ဖြစ် ပြီးရင် ကျနော် ရေချိုး လိုက်ပါ့မယ်"စကြံမှာလမ်းလျှောက်ရင်း၊ နံရံကိုအားပြုရင်း ယိုင်သွားတဲ့ ခန္ဓာကို ထိန်းလိုက်တယ်။ရေပိုက်ကို ဖွင့်ရင်း ကိုယ်လက်ဆေးကြောနေတယ်။ စိတ်ထဲမှာလည်း တေဇ အမေ ဒေါ်စန္ဒာနဲ့တွေ့ရင် ဘယ်လိုပြောရရင်ကောင်းမလဲ စဉ်းစားနေတယ်။ အဖြစ် မှန်ကို ပြောပြဖို့ကသိပ်မလွယ်ဘူး။ ကိုချစ်နိုင်စိတ်ထဲမှာ အဖြစ်မှန်တွေ မပြောပြ နိုင်တဲ့ အတွက် နည်းနည်းရှက်လာသလိုခံစားရတယ်။

ဘာသာပြန်ဆိုသူ

**Roland Hardy**(ခ)မောင်ဇ်ဇ်မောင်လ်လ်လတ်